DENVER PUBLIC SCHOOLS
Discover a World of Opportunity™

# အိမ်တွင် အစောပိုင်းစာတတ်မြောက်ရေးအား ပံ့ပိုးကူညီခြင်း

## *မိဘများနှင့် မိသားစုဝင်များအတွက် လမ်းညွှန်*

တတိယတန်းတွင် ကျွမ်းကျင်စွာ စာရေးတတ်၊ဖတ်တတ်သော ကျောင်းသားများသည် အခြားသူများထက် အတန်းပြီးမြောက်နိုင်ခြေ လေးဆခန့်ပိုများပါသည်။ ထို့ကြောင့် ကျောင်းတွင်းအောင်မြင်မှု၏ အုတ်မြစ်ဖြစ်သော Denver အစီအစဉ် 2020 ၏ ဒုတိယရည်မှန်းချက်မှာ အလွန်အရေးပါရခြင်းဖြစ်ပါသည်။ DPS သည်ကျောင်းသားများ၏ ပညာရေးအတွေ့အကြုံအုတ်မြစ်အဖြစ် အစောပိုင်းစာတတ်မြောက်ရေးအား အာရုံစိုက်ဆောင်ရွက်နေပါသည်။ DPS မှ အစောပိုင်းစာတတ်မြောက်ခြင်းဟု သတ်မှတ်ထားသော အဖတ်၊ အရေး၊ အပြောနှင့် နားထောင်ခြင်းစွမ်းရည်များသည် ကျောင်းတွင်းနှင့် ဘဝအောင်မြင်ရေးအတွက် ခိုင်ခံ့သောအခြေခံအုတ်မြစ်အား တည်ဆောက်ရာတွင် မရှိမဖြစ်အရေးပါပါသည်။

အစောပိုင်းစာတတ်မြောက်ရေးအား ပံ့ပိုးရန်အတွက် မိဘများနှင့် မိသားစုဝင်များမှ ပါဝင်ဆောင်ရွက်နိုင်သည့် အိမ်တွင်းလှုပ်ရှားမှုများစွာရှိပါသည်။

### စာအုပ်များ၊ အသံစာအုပ်များနှင့် eBooks များအား ဖတ်ရှုစေခြင်း။

ကလေးများ စာဖတ်ဝါသနာပါစေရန်အတွက် အရေးကြီးသောအစိတ်အပိုင်းတစ်ခုမှာ ရေးသားထားသောစကားလုံးများမှတစ်ဆင့် ဇာတ်လမ်းများနှင့် သတင်းအချက်အလက်များစွာအား ဝေမျှပေးခြင်းဖြစ်သည်။ ကြိုးမဲ့စနစ်အသုံးပြုနိုင်သော စက်ပစ္စည်းတစ်ခုခုဖြင့် [dpsk12.lib.overdrive.com](dpsk12.lib.overdrive.com) သို့သွားကာ ကျောင်းသား ID နှင့် မွေးနေ့ဖြင့် လော့ဂ်အင်ဝင်ရောက်ပါ။ သို့မဟုတ်ပါက လှုပ်ရှားပုံပြစာအုပ်နှင့် အခြားသော eBook ရင်းမြစ်များအပါအဝင် ဒီဂျစ်တယ်ရင်းမြစ်များစွာရှိသော [lion.dpsk12.org](lion.dpsk12.org) ဆိုဒ် သို့သွားပါ။ DPS တွင် တက်ရောက်နေသောကလေးတိုင်းသည် အချိန်တိုင်း၊နေရာတိုင်းတွင်အသုံးပြုနိုင်သည့် eBook ပေါင်းချုပ်အား ဝင်ရောက်ဖတ်ရှုနိုင်သည်။

### သင့်ကလေးနှင့် စာအတူဖတ်ရန် နည်းလမ်းများ

1. အတူဖတ်မည့်စာအုပ်များကို သင့်ကလေးမှရွေးချယ်ပါစေ။
2. စာအုပ်များကိုတစ်ယောက်တစ်လှည့်ဖတ်ရှုသလို သင်နှင့်အတူ အသံထွက်ဖတ်ရှုရန်လည်း သင့်ကလေးအား အားပေးပြောဆိုပါ။
3. စာဖတ်နေစဉ်တွင်လည်း ဇာတ်လမ်းနှင့်ပတ်သက်၍ "ဘာဆက်ဖြစ်နိုင်လဲ" ဒါမှမဟုတ် "ဘာဖြစ်သွားတယ်လို့ထင်လဲ" စသည့်မေးခွန်းများကို သင့်ကလေးအားမေးမြန်းပါ။
4. မိခင်ဘာသာစကားဖြင့်ရေးသားထားသော စာအုပ်များကိုလည်း သင့်ကလေးနှင့်အတူ ဖတ်ရှုပါ။

### Denver ပြည်သူ့စာကြည့်တိုက် နွေရာသီ စာဖတ်ခြင်းနှင့်စာသင်ကြားခြင်း အစီအစဉ်အတွက် စာရင်းပေးသွင်းလိုက်ပါ။

သင့်ကလေးအားစာဖတ်ဝါသနာပါစေမည့် ထူးခြားသောနောက်ထပ်နည်းလမ်းတစ်ခုအဖြစ် ဤအခမဲ့အစီအစဉ်တွင် စိတ်ဝင်စားဖွယ်အစီအစဉ်များနှင့် စာဖတ်ခြင်း၊စာသင်ကြားခြင်းအတွက် ဆုလက်ဆောင်များနှင့်အတူ Elitch Gardens အပန်းဖြေဥယျာဉ်လက်မှတ်ပင် ရရှိနိုင်ပါသေးသည်။ ပိုမိုသိရှိရန် [SummerOfReading.org](SummerOfReading.org) သို့သွားပါ။

### နွေရာသီကာလ အသိညဏ်ကြွယ်ဝစေရေး အခွင့်အလမ်းများအား ရှာဖွေလိုက်ပါ။

နွေရာသီကာလတွင်း ကျောင်းသားများ၏ စာတတ်မြောက်မှုအရည်အသွေးများအား မြှင့်တင်ရန်အတွက် ကျွန်ုပ်တို့၏ကျောင်းများစွာတွင် အခမဲ့အစီအစဉ်များစွာရှိပါသည်။ သင့်ကလေး၏ ပညာရေးရည်မှန်းချက်များ ပြည့်မီစေရန် ရရှိနိုင်သောပံ့ပိုးမှုများနှင့်ပတ်သက်ပြီး သင့်ကလေး၏ဆရာအား မေးမြန်းပါ။

---

> ”ကျွန်ုပ်၏ကလေးသည် ဖတ်ပြီးသားစာအုပ်ကိုပင် ထပ်ကာထပ်ကာ

> ”ကျွန်ုပ်၏ကလေးသည် ဖတ်ပြီးသား အခန်းဆက်စာအုပ်များကိုပင် ဖတ်ရှုနေပါသည်”

စာအုပ်အသစ်များအား စမ်းဖတ်ကြည့်စေခြင်းနှင့် အနှစ်သက်ဆုံးအစီအစဉ်အသစ်များအား ရှာဖွေတွေ့ရှိစေခြင်းသည် သင့်ကလေး၏ စိတ်ဝင်စားမှုနယ်ပယ်အားချဲ့ထွင်ရာတွင် အလွန်အကျိုးပြုသည်ဟုဆိုသော်လည်း စာအုပ်များနှင့် အခန်းဆက်စာအုပ်များအား ထပ်ခါထပ်ခါဖတ်ရှုခြင်းသည် အံ့သြစရာကောင်းလောက်အောင် အကျိုးကျေးဇူးများကြောင်း စစ်တမ်းများမှ ဖော်ပြနေပါသည်။ သင့်ကလေးသည် ကျောင်းသင်ခန်းစာပြင်ပ အကြောင်းအရာများအား ဖတ်ရှုရန် အလွန်စိတ်အားထက်သန်နေပြီး သင့်အနေဖြင့်လည်း အဆိုပါအကြောင်းအရာများမှာ သင့်တော်သည်ဟုယူဆပါက သင့်ကလေးအနေဖြင့် အဆိုပါစာသားများ သို့မဟုတ်/ အခန်းဆက်စာအုပ်များနှင့် ရင်းနှီးပြီးသားဖြစ်နေလျှင်ပင် ၎င်းတို့ကိုဖတ်ရှုခြင်းမှတစ်ဆင့် တိုးတက်လာမည်ဟု စိတ်ချမှတ်ယူထားပါ။ ထို့အတူ သင့်ကလေးအနေဖြင့် အကြောင်းအရာတစ်ခုခုအပေါ်တွင် အလွန်စိတ်ဝင်စားနေပါကလည်း ထိုကဲ့သို့ အကြောင်းအရာတစ်ခုခုနှင့်ပတ်သက်သည့် အချက်အလက်များစွာအားဖတ်ရှုခြင်းသည် အကြောင်းအရာဆိုင်ရာဗဟုသုတနှင့် ဝေါဟာရများအား ကြွယ်ဝစွာသိရှိနိုင်စေမည့် အလျှင်မြန်ဆုံးသောနည်းလမ်းတစ်ခုဖြစ်ကြောင်း စစ်တမ်းများမှဖော်ပြထားပါသည်။ သင့်အနေဖြင့်လည်း အချိန်တိုင်း၊နေရာတိုင်းဝင်ရောက်ဖတ်ရှုနိုင်သော DPS eBook ပေါင်းချုပ်မှတစ်ဆင့် သင့်ကလေးနှစ်သက်မည့် စာအုပ်များနှင့် အသံစာအုပ်များအား ကူညီရှာဖွေပေးနိုင်ပါသည်။

**Lion အစီအစဉ်ပေါင်းချုပ်** - [http://lion.dpsk12.org](http://lion.dpsk12.org)
**OverDrive အစီအစဉ်ပေါင်းချုပ်** - [http://dpsk12.lib.overdrive.com](http://dpsk12.lib.overdrive.com)